www.burmeseclassic.com

# နတ်ပြည်က ဝတ္ထု (တာဝတိံသာခေတ်စမ်းဘောသံ)



ဇော်ဂျီ

လူ့ပြည်တွင် သက္ကရာဇ် ၁၂၉၆ ခု တော်သလင်းလဆုတ် ၉ ရက်နေ့ နံနက်အချိန်တွင် "ကသစ်ပွင့်ကာဝတိံ သာ သူရာနိုင်နိုးနိုး" ဟူဘိသကဲ့သို့ တာဝတိံသာသို့ စစ် ပြုလာမည်ဖြစ်သော အသူရာနတ်စစ်သည်တို့အား ကင်းစောင့်အဖြစ်ဖြင့် စောင့်ကြည့်လျက်နေရသော ပုဏ္ဏကနတ်ဘီလူးသည် ကင်းလှည့်ရင်း လူ့ပြည်နားသို့ ချဉ်းကပ်လာသဖြင့် ဆူညံစွာပြောဆိုနေကြသော တက္ကသိုလ် ဖလားလုဘောလုံးပွဲသတင်းကို ကြားလိုက်မိလေသတည်း။ ထိုထူးခြားသော သတင်းကို ကြားခဲ့သော ပုဏ္ဏကလည်း သိကြားမင်းထံသို့ အသူရာတို့ မပေါ်လာသေးကြောင်း ကင်းလှည့်အစီရင်ခံစာ တင်သွင်းရန် တာဝတိံသာသို့ တက်လာသောအခါ နန္ဒာကန်ပေါင်ရိုးပေါ်တွင် ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေကြသော မိတ်ဆွေ မာတလိ၊ ဝိသကြုံနှင့် ပဥ္စသိခနတ်သားတို့ကို မြင်လိုက်လေ၏။

ပဥ္စသိခနတ်သားမှာ သုရိယဝစ္ဆနတ်သမီးသည် အလွန်လှဂုဏ်ကိုးကြောင်း၊ ယခုထက်တိုင် ဇေလုဝနတ်ဆောင်းဖြင့် မြှောက်ပင့်ဖွဲ့နွဲ့၍ နောက်ပိုးသော်လည်း မအောင်မြင်သေးကြောင်း၊ သူ့အတွက် အများကြီး စိတ်ညစ်ရကြောင်းများကို ပြောပြလျက်နေလေ၏။ မာတလိနှင့်ဝိသကြုံတို့မှာလည်း ငေးမောကာ နားထောင်၍နေကြလေသတည်း။

ပုဏ္ဏကလည်း မိမိ၏ သိနွှာမြင်းနှင့် ၎င်းတို့၏အနီးသို့ ချဉ်းကပ်လာ၍ "အို အချင်း ကိုကြီးသီသီ၊ သီသီ၌နေ့စဉ်တစေ ဝန်တိုသော နတ်သမီးကိုသာ စွဲလမ်းနေလျက်နေဘိတကား။ ပင်ပန်းလေစွ" ဟုဆိုလိုက်လေ၏။ ထိုအခါ ပဥ္စသိခနတ်သားလည်း မော့ကြည့်၍ "အချင်း ပုဏ္ဏက သင်ကား သင်ချစ်ကြိုက်သော ဣရန္ဒတီကို ရပြီးသဖြင့် ငါ့အား ကဲ့ရဲ့ပြစ်တင်သည်မှာ မသင့်လျော်လေ" လို့ ပြန်ပြောလိုက်လေ၏။ ထိုအခါ ဝိသကြုံလည်း "အချင်း ပုဏ္ဏက ငါတို့အား မနှောင့်ယှက်ကုန်လင့်။ ငါကား နန္ဒာကန် ဆန်းကြယ်ခြင်းကိုသာ ရှုစားလျက်နေလေသည်" ဆိုပြန်၏။ ပုဏ္ဏကလည်း "ကြွပါမည် အချင်းတို့၊ သို့ရာတွင် ကျွန်ုပ် လူ့ပြည်မှ သတင်းတစ်ခုပါလေသည်" ဟုဆိုရာ မာတလိနတ်သားလည်း ပုဏ္ဏကအား မေးလေ၏။

ပဥ္စသိနတ်သားသည် ရည်းစားပူမိနေသောကြောင့် ဘာမျှမကြားလို၊ ဝိသကြုံမှာလည်း ရေကန်၏ဆန်းကြယ်မှုကိုသာ ရှုလျက်နေလေသည်။ မာတလိမှာကား ရထားမှူး ဖြစ်နေသည့်အားလျော်စွာ ဟိုစပ်စပ် သည်စပ်စပ် သိလို၏။ (ဒရိုင်ဘာတို့၏ သဘောတည်း)ထို့ကြောင့် မာတလိလည်း အပန်းတကြီးမေးသတည်း။ ထိုအခါ ပုဏ္ဏကကလည်း လေသံကြားနှင့် တက္ကသိုလ်ဖလားလုပွဲဘောသတင်းကို လင်းကျင်းလိုက်လေသတည်း။ လင်းကျင်းပြီးသည်နှင့် အခုံး၌ ဝေဇယန္တာ နတ်နန်းသို့ သိနွှာမြင်းကို ရှေးရှုနှင်လေ၏။ လူ့သတင်းကို နတ်ချင်းဆောင်လိုက်ခြင်းပင်တည်း။

သတင်းကို ကောင်းစွာနာယူပြီးသော မာတလိက

www.burmeseclassic.com



ဤသို့ဆို၏။ "အချင်းမောင်ပဉ္စသီ၊ အမောင်သည် ထို တဏ္ဍသိုလ်ဘောလုံးပွဲကို ကြည့်သင့်၏တကား။ လူသားပြည်၌ ဤမျှလောက် ကျော်စောသော ဖလားပွဲ၏ ဂုဏ်ကို ချီးကျူးပြောဆိုသွားသော ပုဏ္ဏကာ၏စကားကို မယုံမကြည်မရှိရာ။ အမောင် သွားရောက်ရှုစားမိပါက အမောင်၏အဆွေးသည် ပြေအံ့တကား" ဤသို့လျှင် မာတလိနတ်သားသည် ပဉ္စသီခအား နှစ်သိမ့်စေပြီးနောက် ဝိသကြံအား ဤသို့ဆိုပြန်၏။ "အချင်း ဝိသကြံ၊ အမောင်ကား ဆန်းကြယ်မှုတို့ကို ဖန်ဆင်းတတ်သူ ဖြစ်သည်ကား မှန်၏။ သို့ရာတွင် လူ့ပြည်၌လည်း ဆန်းကြယ်မှုတို့လည်း များစွာရှိကုန်၏။ အို ဝိသကြံ ထလော့... ထလော့" ဟုဆို၍ သုံးဦးသောနတ်သားတို့လည်း ဝေဇယန္တာရထားပေါ်သို့ တက်ကြလေ၏။ ရထားလည်း လေ၏ အဟုန်ဖြင့် ဘိအေအေဘောကွင်းသို့ ရုတ်ခြည်းနင်ထွက်သွားလေသတည်း။

နောက်တစ်နေ့တွင် သိကြားမင်းသည် ဝေဇယန္တာရထား၏ နံရံတွင် ရွံ့ကွက်ကြီးတစ်ကွက်ကို တွေ့ရှိသဖြင့် မာတလိကိုခေါ်၍စစ်ဆေးရာ မာတလိမှာ အံ့အားသင့်လျက်နေလေ၏။ ရထားခိုးစီးမှုလည်း ပေါ်လေ၏။ နတ်သားသုံးပါးတို့ "ချောက်"ကျကြလေသတည်း။ (ထိုရွံ့ကွက်မှာ အခြားမဟုတ်၊ ထိုနေ့ညနေက တဏ္ဍသိုလ်ဘောအသင်း ကပ္ပတိန်ကိုဝင်းသည် ဘောလုံးမြှောက်၍ကန်လိုက်ရာ ရထားနံရံကို ထိမှန်သောရွံ့ကွက်ပင်တည်း။ ထိမှန်စဉ်အခါက လေထဲ၌ ပန်းဆိုင်းဆွဲထားသကဲ့သို့ တည်နေသောရထားမှာ ငြိမ့်ခနဲပင် ဖြစ်သွားလေသေးသည်။ မာတလိနတ်သားလည်း သုဇိတာမိဖုရားကြီးကို ကပ်လေသည်။ သုဇိတာမိဖုရားကြီးလည်း သနားသဖြင့် သိကြားမင်းအား တောင်းပန်ရာ "အဘယ်ချစ်မငြီး သုဇိတာ၊ ငါသည် သင့်အား မိဖုရားတကာတို့ထက် မြတ်နိုးချစ်ခင်ပါ၏။ အသင်လည်း ငါ့အား ချစ်ခင်ပါမူ သင်းတို့အတွက် မတောင်းပန်လေလင့်၊ သည်းခံ၍ အေးချမ်းစွာစံလေလော့" ဟူသော စကားကိုသာရသဖြင့် သုဇိတာမိဖုရားလည်း လက်မှိုင်ချကာ နေရှာသတည်း။

သိကြားမင်းလည်း "မောင်နတ်သားတို့၊ အမောင်တို့၌ လူသားတို့၏ဘောပွဲကိုကြည့်သည်လည်းတစ်ပြစ်၊ ရထားခိုးစီးသည်လည်းတစ်ပြစ်၊ ဤနှစ်ပြစ်ရှိ၏တကား။ အမောင်နတ်သားတို့ အဘယ်ဆိုဖွယ်ရာအကြောင်း ရှိသေးသနည်း"ဟု မေးမြန်း၏။ ထိုအခါ မာတလိလည်း "မှန်လှပါ ထိုဘောပွဲကို ကြည့်စဉ်အခါက ကျွန်တော်တို့သာ ကြည့်သည်မဟုတ်ပါ။ ဝါဝါဝတ်များလည်း ပါပါသေးသည်ဘုရား" ဟု လျှောက်ထားလေ၏။ သိကြားမင်းလည်း "အင်း ဝါဝါဝတ်များပင် ကြည့်လျှင် သင်းတို့ကို အပြစ်မဆိုသာပြီ" ဟု စဉ်းစားမိသဖြင့် "ကောင်းပြီ မောင်နတ်သားတို့၌ ရထားခိုးစီးသောအမှုရှိသေးသည်။ ဆိုစရာရှိသေးသလော" ဟု မေးပြန်၏။ ထိုအခါ မာတလိနတ်သားသည် အားတက်လာ၍ "မှန်လှပါ အရှင်ဘုရား၏ ရထားကို စီးနင်းသွားသဖြင့်သာ ဘောပွဲကို မီရုံရောက်ရှိပါသည်။ လူသားတို့မှာ မွန်းတိမ်းချိန်လောက်ကစ၍ ကျုပ်နေကြပါသည်ဘုရား" ဟု လျှောက်တင်ပြန်ရ သိကြားမင်းလည်း "ကောင်းပြီ မောင်နတ်သားတို့၊ အမောင်တို့ကြည့်ရှုခဲ့သော ဘောပွဲနှင့်အလားတူ ဘောပွဲကို မကြာမီကျင်းပမည်ဖြစ်သော ငါ၏ကသစ်သဘင်၌ ခင်းကျင်းပြသရမည်။ အကယ်၍ ငါကိုယ်တော် သဘောကျပါမူ အမောင်တို့အား အပြစ်ဒဏ်မှလွှတ်မည်" ဟု တစ်ချက်လွှတ် အမိန့်ပြန်၍ မျက်နှာတော်လွှဲသွားလေသတည်း။

မာတလိနတ်သားလည်း "အမောင်ဝိသကြံနှင့် ပဉ္စသီခတို့၊ နောင်တော်၏တာဝန်ဖြင့် ကုန်လေပြီ။ မောင်တို့၏ တာဝန်လက်စွမ်းများကို ပြဦးလော့"ဟုဆိုရာ နတ်သားနှစ်ဦးတို့လည်း အသီးသီးဝန်ခံ၍ ခွဲခွာသွားကြလေသတည်း။ ထိုနေ့မှစ၍ ဝိသကြံနတ်သားသည် မြင်းမိုရ်တောင်ခြေရင်းသို့ဆင်း၍ စိတ်ကူးခန်းဝင်လျက် နေလေသည်။ ပဉ္စသီခနတ်သားမှာလည်း မိမိ၏ဘုံဆောင်ကို လုံစွာပိတ်၍ ဗေလုဝနတ်စောင်းကို စမ်းသပ်ခါတီးခေါက်နေလေသတည်း။

များမကြာခင် ကသစ်သဘင် ကျင်းပမည့်နေ့လည်း ကြုံလာလေ၏။ ကသစ်ပင်ရင်းတွင် နတ်သမီး၊ နတ်သား ပရိသတ်အပေါင်းတို့လည်း စုဝေးလျက်ရှိကြလေပြီ။ သိကြားမင်းလည်း ဧရာဝဏ်ဆင်တော်ကိုစီးလျက် မိဖုရားလေးပါးခြံရံကာ ကြွလာတော်မူ၍ ကသစ်ပင်ရင်း ခင်းအပ်သော ပန္ဍုကမ္ဗလာမြကျောက်ဖျာပေါ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလေသတည်း။

ဝိသကြံလည်း နတ်တို့၏တန်ခိုးဖြင့် တဏ္ဍသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ဘောပွဲကို ဖန်ဆင်းပြလိုက်လေ၏။ သိကြားမင်းလည်း ကစားသူတို့၏ဖျတ်လတ်ပုံ၊ လျင်မြန်ပုံများကို မြင်မိသောအခါ "ဝိသကြုံ လူသားတို့၏ပြည်၌ ယခုကဲ့သို့ ဖျတ်လတ်လျင်မြန်သော လူသားများရှိပါ့မလား။ ယခင်တစ်ခါ အနော်ရထာမင်းတရားကြီး လက်ထက်တော်တွင် ရွှေစည်းခုံဘုရားကို ငါကိုယ်တော်နှင့်တကွ နတ်အပေါင်းတို့ ဝိုင်းဝန်း၍ တည်ပေးစဉ်အခါက ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးသူရဲကောင်းတို့ကို ငါမြင်ဖူးခဲ့ပြီ။ သို့ရာတွင် ဤလူများလောက် မဖျတ်လတ်ပါတကား" ဟု လက်ဖျားတခါခါနှင့် မိန့်တော်မူလေသတည်း။ နတ်ပရိသတ်အပေါင်း တို့လည်း သောင်းသောင်းဖြဖြ ဟစ်အော်ကြွေးကြော်သြဘာပေးကြလေသတည်း။ နတ်တစ်ပါးမှာ အော်ဟစ်ရင်းလက်ကတီးကြားမှ ချွေးယို၍ စုတေရရှာ၏။ ထိုအခိုက်တွင် သိကြားမင်းလည်း ပုဏ္ဏကကိုမြင်လိုက်သဖြင့် အခေါ်စေလွှတ်တော်မူ၍ ပုဏ္ဏက ရှေ့တော်သို့ရောက်လာသောအခါ "ဟဲ့ ပုဏ္ဏက ငါသည် သင့်အား အသူရာနတ်စစ်သည်တို့၏အလာကို စောင့်ကြည့်ရန် ယုဂန္ဓိုရ်တောင်စောင်းတွင် ထားသည်မဟုတ်လော။ အဘယ့်ကြောင့် ဤနေရာသို့ရောက်လာသနည်း။ နင် ဒဏ်သင့်အုံ့" ဟု ကြိမ်းဝါးလေ၏။ ထိုအခါမှ ပုဏ္ဏကကလည်း ဒူးတုပ်၍ "မှန်လှပါ၊ စိုးရိမ်တော်မမူပါနှင့်ဘုရား။ အသူရာနတ်စစ်သည်တို့မှာ တက္ကသိုလ်ကျောင်းသားများကန်သော ဘောသံကို ကြားရုံမျှနှင့် ဤအသံကား ကက္ကဋ္ဌစည်သံထက် ပြင်းလှ၏တကား၊ ကြောက်မက်ဖွယ်ကောင်းစွတကားဟု မြည်တမ်းကာ လက်လွှတ်ထွက်ပြေးကုန်သဖြင့် ၎င်းတို့အား စောင့်ကြည့်ရန်မလိုတော့ကြောင်းပါဘုရား" ဟု လျှောက်ထားလိုက်လေ၏။ ထိုအခါ သိကြားမင်းလည်း လွန်စွာအားရတော်မူပြန်သတည်း။

ဘောပွဲကို ခင်းကျင်းပြသပြီးသောအခါ သျှောင်ငါးလုံးကို ချောမွတ်နေအောင် ထုံးထားသော ပဥ္စသိခနတ်သားလည်း ဗေလုဝနတ်စောင်းကြီးကိုပိုက်လျက် သိကြားမင်း၏ရှေ့တော်မှောက်သို့ ရောက်လာလေ၏။ ထိုအခါ နတ်ပရိသတ်အပေါင်းတို့သည် "ဘောပွဲကောင်းသည်ကို ဤနောက်ပိုးမျက်နှာရှုံ့နတ်သားသည် နောက်ပိုးသီချင်းနှင့်ဖျက်လာပြန်တော့မည်၊ အရှက်နည်းလေစွ" ဟု တီးတိုးကြ၏။ မေးငေါ့ကြ၏။ မျက်စောင်းလည်း ထိုးကြသတည်း။ သုရိယဝစ္စနတ်သမီးမှာလည်း "ဤနောက်ပိုးနတ်သား ငါ့အား ရှက်စရာကောင်းသောသီချင်းတို့ဖြင့် ဖွဲ့နွဲ့ဦးမှာတကား" ဟု တစ်ကိုယ်တည်းညည်းညူ၏။ ရှက်လည်းရှက်၏။ တခြားသို့ ထသွားချင်၏။ သို့ရာတွင် နတ်သမီးတို့ကာယဓိန္နေပျက်ယွင်းမည် စိုးသဖြင့် ထိုင်နေရှာလေသတည်း။

သို့ရာတွင် ပဥ္စသိခနတ်သားလည်း ဗေလုဝစောင်းကြိုးများကို စမ်းသပ်လိုက်သောအခါ နတ်ပရိသတ်တို့လည်း ကြက်သေသေလျက် နေကြလေသည်။ အဘယ့်ကြောင့်ဆိုသော် ယခုခတ်လိုက်သော နတ်စောင်းသံမှာ ကြားနေကျဖြစ်သော ဥသဘ၊ ဓေဝတ၊ ဆဇ္ဇ၊ ဂန္ဓာရစသော နွားလားဥသဘ၊ မြင်း၊ ဥဒေါင်း၊ ဆိတ်တို့မြည်သောအသံနှင့်တူသော အသံများမဟုတ်။ တစ်ခါမျှမကြားဖူးသေးသော ဘောသံနှင့်တူသော သာယာသောအသံဖြစ်နေသောကြောင့်ပင်တည်း။ ပဥ္စသိခနတ်သားလည်း ဘောကိုခြေနှင့်ခတ်လိုက်သောအသံ၊ နှစ်ယောက်ကြားတွင် လုကြ၍ မြည်ထွက်သောအသံ၊ ဂိုးတိုင်ကို ထိရိုက်၍ မြည်ထွက်လာသောအသံ အမျိုးမျိုးတို့ကို တီး၍ပြလေသတည်း။ နတ်ပရိသတ်တို့သည် များစွာနှစ်သက်ကြလေသတည်း။ တစ်ဖန် သီဆိုလိုက်သောသီချင်းမှာလည်း ကြားနေကျဖြစ်သော ပေါင်တန်ကဘယ်လို၊ လည်ပင်းကဘယ်သို့၊ ပန်းနှစ်ပွင့်က ဘယ်နည်းစသော သုရိယဝစ္စနတ်သမီးကို ချီးကျူးသော စောင်းချင်းဂါထာများမဟုတ်။ တစ်ခါမျှမကြားဖူးသော ဂိုးစောင့်ကိုကိုလေးက ဘယ်လို၊ ဆီဘာရတ်နှင့် လက်စထရိန်းတို့ကဘယ်သို့၊ ဘွန်ဘောက်၊ ကိုစွေ၊ မန်ရိုးတို့က ဘယ်နည်း၊ ကိုယုတ်ကွင်း၊ ကိုကံညွန့်၊ ကိုဝင်း၊ စတီဗင်၊ ကိုမောင်ကလေးတို့က ဘယ်လို ဘောလုံးကိုယူပြီး ဘယ်လိုဂိုးသွင်းလိုက်တာလားစသော တာဝတိံသာ ခေတ်စမ်းဘောသီချင်းများပင်တည်း။ သြဘာသံကြီးလည်း ဆူညံသွားလေသတည်း။

ယင်းကဲ့သို့ ကသစ်သဘင်၌ တာဝတိံသာခေတ်စမ်းဘောသံ ဘောသီချင်းများကို သီဆိုတီးခေါက်ပြီးသည့်အဆုံး၌ သုရိယဝစ္စနတ်သမီးလည်း ပဥ္စသိခနတ်သား၏

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားရာ နောင်အခါတွင် ၎င်းတို့နှစ်ဦးသည် နတ်တို့၏ အခမ်းအနားဖြင့် မင်္ဂလာဆောင်ကြလေသတည်းဟူ၍။ အဲ-ဒါလိုမျိုး ကိုယ်တို့လူတွေရဲ့ဂုဏ်ကို ရွှန်းရွှန်းဝေနေအောင် လေပေါ်ပေါ်နဲ့ လျှောက်"ပြီး" လိုက်ရရင် သိပ်ပွဲကိုဝက "ကွယ့်… ကိုဇော်ဂျီရဲ့၊ မောင့်စာဟာ လွန်လွန်းသည်ပင်" လို့များ ပြောဦးမလား မပြောတတ်ပါဘူးဗျာ။

(ဘောလုံးပွဲ အောင်တော်မူမှတ်တမ်း၊ ၁၉၃၄)

❖

BURMESE CLASSIC .com

www.burmeseclassic.com